## မာတိကာ


၁။ မိခင်၏ ကြင်နာခြင်း ၂

၂။ သူ့အိမ်ရာကို ဖျက်ဆီးခြင်း ၅

၃။ အမြော်ကြိုက်သူ အရှုံးဖြစ် ၈

၄။ သမီးရည်းစား ဘဝ ၁၂

၅။ အချစ် ပြောင်းလဲသလား ၁၅

၆။ စစ်စစ်မှည်သော အချစ် ၁၉

၇။ ကြက်မ တွန်လို့ မိုးမလင်း ၂၃

၈။ အချစ်၏လမ်း ခရီးကြမ်း ၂၇

၉။ ကိုယ်ကောင်း ခေါင်းမရွေ့ ၃၁

၁၀။ ထူးပေ ဆန်းပေသည် ၃၅

၁၁။ ဂုဏ်အသရေရှိသူ ဖြစ်နည်း ၃၈

၁၂။ ယောက္ခမနှင့် ချွေးမ ၄၁

၁၃။ မသာယာသောအိမ် ၄၅

၁၄။ မိခင်၏ ဂုဏ်သရေ ၄၉

၁၅။ ကြွေတစ်လက် ကြက်တစ်ခုန် ၅၂

၁၆။ အကြံနှင့် အတွေး ၅၈


အိမ်ထောင်ခြင်းသည်
အရေးအကြီးဆုံးဖြစ်သော လူ၏အလုပ်တစ်ခု ဖြစ်သဖြင့်
"အိမ်ထောင်ဘက် ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး"
ဟူသော စကားရှိခဲ့လေသည်။
သို့အရေးကြီးလေရာ သတိပြုရန်အချက်သည်
အခြားများစွာသော ဆင်ခြင်ရန်အချက်တို့အပြင်
အဟုတ်တကယ်ချစ်သည် မချစ်သည်ကို
သိအောင် သတိထားခြင်း ဖြစ်လေသည်။

လူတို့သည် အချစ်ကို ရမ္မက်ကိလေသာနှင့်
အခါခါများတတ်ကြလေသည်။ လုံးကြီးပေါက်လှ၊ ထွားထွားညက်ညက်၊
အသားလတ်လတ် ဆူဖြိုးခြင်းကို ထင်ကာ မြင်ကာ
ဝက်သနီးချက်ကို တပ်မက်သည့် ကြိုက်ခြင်းမျိုးကို
တကယ့်အချစ်ဟု မဆိုရချေ။

တကယ့်အချစ်မှာမူကား
ယောကျ်ားနှင့်မိန်းမ မြင်လျှင် မြင်ခြင်း မနေနိုင်၊
မထိုင်နိုင်အောင် ချစ်ပြီး၊ တွေ့ကြလျှင်လည်း
ဘာကိုညာကိုမှ ကြံစည်ရန် သတိမရ၊
စကားပြောရုံနှင့် သဘောကျပြီး
တစ်ယောက်ပြောသည်ကို တစ်ယောက်
နားထောင်လို့မဝ။
တစ်ညလုံးပြောနေလို့လည်း အားမရ၊
တစ်နေ့လုံး ကစားနေရလို့လည်း မဝ၊
တွေ့မိလျှင် မခွဲချင်၊ ခွဲ၍သွားရလျှင်လည်း
မျက်လုံးများ ကျွတ်၍ကျလောက်အောင်
မျှော်၍ကြည့်ရသော အချစ်မျိုးကိုသာ
စစ်စစ်မှည်သောအချစ်ဟု ခေါ်ဆိုရလေသည်။